လင်္ဂသိုးသွေး

နယ်ခြားမှတ်တိုင်

Linn Nyout Thway

BOUNDARY POST

DESIGN THEIN SHWE KYI

လူသားတစ်ယောက် မွေးဖွားလာသည့်အခါ...

တန်ခိုးရှင်တစ်ဦးသည် ကောင်းကင်ဘုံမှ ဆင်းသက်လာပြီးနောက် မွေးကင်းစကလေးငယ် ကို နမ်းရှိုက်သည်ဟု အဆိုရှိ၏ ။

ထိုသို့ တန်ခိုးရှင် နမ်းရှိုက်သည့်နေရာကို လိုက်၍ ကလေးငယ်၏ အနာဂတ်သည် ဖွဲ့စည်း တည်သည်ဟု ကြားနာမှတ်သားဖူးပါသည်။

ခေါင်းကိုနမ်းလျှင် သုတေသီ (သို့မဟုတ်) တွေးခေါ်ရှင်ဖြစ်မည်။ လက်ကိုနမ်းလျှင် ခွဲစိတ် ဆရာဝန် (သို့မဟုတ်) ဂီတပညာရှင်ဖြစ်မည်။ ခြေထောက်ကိုနမ်းလျှင် အားကစားသမား (သို့မဟုတ်) ကချေသည်ဖြစ်မည်ဟု ဆိုကြ၏ ။

ဤအတိုင်းသာမှန်လျှင်...

ထိုတန်ခိုးရှင်သည် သူမအား မည်သည့်နေရာတွင် နမ်းရှိုက်ဖြစ်ခဲ့လေသနည်း....။

♥ ♥ ♥

ထိုနေ့ ညနေခင်းက ရန်ပွဲတစ်ခုနှင့် သူကြုံသည်။

အဓိပတိလမ်းပေါ်တွင် အတွေးတွေနှင့် မျောလွင့်လျှောက်လှမ်းချင်သဖြင့်အလာ တက္ကသိုလ်ရိပ်သာလမ်းမပေါ်မှာ လူနစ်စုခိုက်ရန်ဖြစ်ပွားနေကြတာ ဖြစ်သည်။ တိုက်ခိုက်ရေးတွေ ကို သူစိတ်မဝင်စားပါ။ ထို့ထက်ပိုစွာ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ရန်ဖြစ်မှာကို သူအလွန်ရှက်၍ ကြောက်လည်းကြောက်ပါသည်။ သူ့ဘဝတွင် ရန်ဖြစ်ဖူးဖို့ ဝေးစွ.. ရန်ပွဲတွေ့လျှင်ပင် ခပ်ကင်းကင်း က ရှောင်ကွင်းသွားလေ့ရှိတာ သူ့ဓလေ့ ဖြစ်သည်။

ဒါကြောင့်ပဲ ခြေဦးတည်ရာ့ ပြောင်းလဲ၍ အင်းလျားဘက်သို့ ရောက်ခဲ့ရလေသည်။

ထိုနေ့က အပြာရောင်မိုးသားများ အထူးပင် လှပနေပါသည်။

ရာသီအလိုက် လေညင်းသည် အင်းလျားကန်တစ်ဝိုက်တွင် သိမ်မွေ့လတ်ဆတ်စွာ ခရီး နှင်လျက်ရှိသည်။ နေမင်းဟု လူတို့ ခေါ်ဆိုသတ်မှတ်ကြသည့် ပူလောင်သော ကြယ်ကြီးသည် လည်း မိုးကုတ်စက်ဝိုင်းအတွင်းသို့ ပြိုဆင်းလုနီးလေပြီ။

ဝတ္ထုတစ်ပုဒ်၏ အဖွင့်စကားပြေလို လှပအောင် ဘယ်လိုစရေးရင်ကောင်းမလဲဟု စဉ်းစား ရင်း မင်းခတစ်ယောက်တည်း အတွေးနယ်ချဲ့ကာ လမ်းလျှောက်နေချိန်တွင်ဖြစ်သည်။

အဲသည်အခိုက်မှာပဲ ကမ်းစပ်မှာ ခြေစုံရပ်နေသော သူမကို မထင်မှတ်သောမြင်ကွင်းနှင့် စတွေ့လိုက်ရခြင်းဖြစ်၏ ။

ရွှေအိုအောင်ဆံနွယ် အတွန့်အခွေလေးတွေက လေစီးမှာ တသုန်သုန်တောင်ပံခတ်နေ ပါသည်။ ကပိုကရိုဝတ်စုံကလည်း ပြေည်အတိုးအဝှေ့မှာ တဖျပ်ဖျပ်လွင့်ခါလျက် ရှိ၏ ။ ဆည်းဆာ နေဝင် အရိပ်ထင်နေသော ကန်ရေပြင်နောက်ခံနှင့် နွဲ့နှောင်းသော စွဲမက်ဖွယ် သူမကိုယ်ဟန်ကို တွေ့မြင်ရသည်မှာ အနုပညာဆန်လှသဖြင့် မင်သက်ငေးမောဖြစ်သွားလေသည်။ တကယ်ကို လျှပ်တစ်ပျက်ပါပဲ။

မင်းခ နှစ်လိုစွာ ငေးမောကြည့်ရှုနေစဉ်မှာပင်-

သူမသည် တစ်စုံတစ်ရာကို ယတိပြတ် စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် ကိုယ်ခန္ဓာကို ရိပ်ခနဲ လှုပ်ရှားလိုက်၏

“ဗွမ်း”

“ဟာ”

ရေထုအတွင်း လှပစွာသောသူမခန္ဓာကိုယ်လေး နစ်မြုပ်ကျဆင်းသွားပုံက အသည်းယားစ ဖွယ်။

မင်းခအလွန် အံ့အားသင့်သွားသလို အရမ်းလည်း ထိတ်လန့်တုန်လှုပ်သွားမိ၏ ။ ပထမ တော့ ပူအိုက်မှုကြောင့် ဒင်းကလေး ရေဆင်းကူးတာများလားဟု တွေးမိသေးသည်။

သို့သော် အခြေအနေက မဖြစ်နိုင်။

လူသားဆန်သော စိုးရိမ်စိတ်က ရုတ်တရက် ချက်ချင်းမင်းခထံတွင် လာရောက်ပူးကပ်လေ သည်။ တွေဝေမနေတော့ဘဲ ကိုယ်ပေါ်မှ အကျၤကို ချွတ်ခွာကာ ရေထဲသို့ အလျင်အမြန် ဒိုင်ဗင်ပစ် ဆင်း၍ သူမအား ဆယ်ယူသမှု ပြုလိုက်ပါ၏ ။

(ပထမဆုံး စတွေ့တဲ့နေ့မှာပဲ မင်းဟာင့်ကို ဒုက္ခအသေးစားလေးနဲ့

မိတ်ဆက်ပေးခဲ့တာပါ။ မိန်းကလေးရယ်...) ရေနစ်သူကို ကယ်ဆယ်ရင်း ကိုယ်ပါ ရေနစ်တတ်တယ်ဆိုသော စကားမှာ အပိုပြောတာ မဟုတ်မှန်းလည်း ကိုယ်တွေ့ကြုံမှ ပိုယုံသွား၏ ။

တွန်းထိုးရုန်းကန်မှုများနှင့် ရင်ဆိုင်ရပြီးနောက် ရေစိုအလှနှင့် သူမကို ကမ်းစပ်အပေါ်ချ အပြီးမှာတော့ သူ အလွန်နုံးချိမောဟိုက်နေပါပြီ။ သူမကို ကြည့်ရသည်မှာလည်း ရေမွန်းထားပုံရ၏ ။ သူမအလှက ရမ္မက်ဆန်တာလည်း သတိပြုမိလိုက်သည်။

အမွေးပွ ခွေးစုတ်ဖွာကလေးတစ်ကောင် လည်ဆံမွေးတွေကို ပရမ်းပတာ ရမ်းခါနေသလို မျိုး သူမက ခေါင်းကလေးလှုပ်၍ ရေစိုဆံပင်တွေကို ဆတ်ခနဲ ဆတ်ခနဲ သပ်ခါနေသည်။

“မင်းဘာဖြစ်လို့ အခုလို လုပ်ရတာ လဲကွာ။ ဟူး....”

လေပူတွေကို မှုတ်ထုတ်ရင်း ပြောလိုက်သော အပြစ်တင်သံပါသည့် သူ့စကားကို သူမက ထုံပေပေ ဘုဆတ်ဆတ်ပင် တုံ့ပြန်၏ ။

“သေချင်လို့ပေါ့”

ရှင်းရောပဲ။

သူမ အဖြေစကားကြောင့် မင်းခစိတ်ထဲ မချင့်မရဲ ဖြစ်သွားမိ၏ ။

“မင်းသေချင်တာက အရေးမကြီးဘူး။ ကန်ရေပြင် ညစ်ပတ်သွားလိမ့်မယ်။ ကိုယ့်ကိုယ် ကိုယ် သတ်သေတယ်ဆိုတာကလည်း ...”

“ဘာလဲ အဖန်ငါးရာ ငါးကမ္ဘာလို့ ပြောမလို့လား။ အဲဒီ စကားကြီး ကျွန်မ ကြားဖူးပါတယ်”

သူမက သူ့စကားကိုဖြတ်၍ ဘုဆတ်ဆတ် လုပြော၏ ။ မင်းခခေါင်းကို ဘယ်ညာ ယမ်းခါ လိုက်မိပါသည်။

“အဲ့ဒါဆိုရင်တော့ မင်း မှားနေပြီ”

“ဘာမှားတာလဲ”

“ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာဆိုတဲ့ ဘဝငါးရာ ငါးကမ္ဘာခံရမယ်ဆိုတဲ့စကား ဟာ ကျမ်းဂန်တွေမှာဖော်ပြထားခြင်းမရှိပါဘူး။ အဖန်ငါးရာ ငါးကမ္ဘာဆိုတဲ့စကားဟာ ဧကက နိပါတ်၊ မတကသတ္တဇာတ်ကနေ လာတဲ့ စကားပါ။ တစ်စုံတစ်ယောက်ဟာ ပါဏာတိပါတ ကံ လွန်ကျူးခဲ့ရင် အဲဒီ ကံကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်ငရဲမှာ ဆင်းရဲဒုက္ခခံစားရတယ်။ ငရဲ မှလွတ်လာရင်လည်း တူသောအကျိုးပေးတဲ့အနေနဲ့ သူတစ်ပါးရဲ့ သတ်ခြင်းကို ဘဝပေါင်းငါးရာ တိုင်တိုင် ခံရတယ်လို့ ဖော်ပြထားတယ်။ သူတစ်ပါးအသက်ကို သတ်ရင် အဲဒီ လိုတွေ ခံရတတ် ကြောင်း ဖော်ပြထားပြီး မိမိကိုယ်ကို သတ်လို့တော့ အဖန်ငါးရာငါးကမ္ဘာ ခံရကြောင်းကို ဖော်ပြထ ထားခြင်း မရှိဘူး”

မျက်လုံးအဝိုင်းသားနှင့် သူမ ငြိမ်သက်စွာ နားထောင်နေတာ တွေ့ရ၏ ။ လူထုကြားမှာ တွင် ကျယ်စွာ အရိုးစွဲ ပျံ့နှံ့နေသော သတင်းစကားတွေနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အံ့သြသွား တာလည်း ဖြစ်နိုင်၏

“အမှန်က ပါဏာတိပါ တကံဆိုတာ သူတစ်ပါးအသက်ကို သတ်တဲ့ ကံသာဖြစ်တယ်။ မိမိကိုယ်ကိုယ် သတ်တဲ့ကံမဟုတ်ဘူး။ ပါဏာတိပါတကံဟာ အင်္ဂါငါးပါးပြည့်စုံမှသာ ကမ္မပထ မြောက်ပြီး အပါယ်ကျစေနိုင်တာ။ အင်္ဂါငါးပါးအနက် တစ်ပါးပါးချို့ယွင်းခဲ့ရင် ကမ္မပထ မမြောက် တာကြောင့် အပါယ်မကျနိုင်ဘူး။ မိမိကိုယ်ကို သတ်သေခြင်းဟာ ပါဏာတိပါတက ကံ မြောက် ကြောင်း အင်္ဂါငါးပါးအနက်က ပါဏသည်ဟာ သတ္တဝါဟု အမှတ်ရှိခြင်းဆိုတဲ့ အင်္ဂါနဲ့ မပြည့်စုံတာ ကြောင့် ပါဏာတိပါတကံမထိုက်ကြောင်း ဝိမတိဝိနောဒနီ (ပ-၂၂၈)မှာ အတိအလင်းပြောထား တယ်”

ရုတ်တရက် သူမ မျက်ဝန်းတွေ လက်ခနဲဖြစ်သွားကာ..

“ဒါဆို ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေလို့ အပြစ်မရှိဘူးပေါ့။ အဲဒါနဲ့ များ ရေစိုခံပြီးဘာလို့ ဆင်းဆယ်နေသေးလဲ့ရှင်။ ကဲ ဖယ် ကျွန်မလည်း စိတ်ဖြောင့်လက်ဖြောင့်နဲ့ ပြန်သေတော့မယ်”

“ဟင်”

ရေထဲပြန်ဆင်းဖို့ ပြင်လိုက်သည့် သူမလှုပ်ရှားမှုကြောင့် မင်းခ သူ့အမှားသူ သတိပြုမိသွား သည်။ ငါ့နှယ်နော် မြောက်ပေးသလိုဖြစ်နေပါရောလား။

သူမလက်ကို ဖမ်းဆွဲပြီး..

“မင်းက ငါ့စကားကို ဆုံးအောင်မှ နားမထောင်တာပဲကိုး။ ကိုယ့်ကိုယ်သတ်သေရင် အဖန်းငါးရာ ငါးကမ္ဘာခံရတယ်ဆိုတာ မဟုတ်မှန်ပေမယ့် ဒိဋ္ဌိနဲ့ တဏှာက တွန်းပို့လို့ မိမိကိုယ်မိမိ သေကြောင်းကြံစည်မိရင်တော့ ဇကန်မလွဲ အပါယ်ငရဲကျလိမ့်မယ်ကွ။ နေစမ်းပါဦး မင်းက ဘာဖြစ်လို့ သေချင်ရေတာ လဲ ”

“ဒါကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ရှင်”

သူမက ထီမထင်ဟန်ဖြင့် မျက်နှာပြင်ထက်မှ ကပိုကရို ရွှေအိုရောင်ဆံနွယ်မျှင်တွေကို သပ်တင်နေသည်။ ရေစိုအဝတ်တွေက သူမ အသားစိုင်အချို့မှာကပ်ငြိနေသဖြင့် မင်းခ မျက်နှာ လွှဲထားလိုက်ပါ၏ ။

“မင်းမှာလည်း မင်းအကြောင်းနဲ့ မင်း ရှိလိမ့်မယ်ဆိုတာငါ သိပါတယ်။ ဒါပေမဲ့ ကိုယ့် အသက်ကို စတေးရလောက်တဲ့အထိတော့ မဖြစ်သင့်ဘူးလို့ ငါ ထင်တယ်”

သူမ မာန်ပါပါနှင့် ဆံပင်ကောက်ကောက်တွေကို ခါလိုက်ပြန်ပြီ ထင်ပါသည်။ ရေစက်မှုန် ကလေးများက အကာအကွယ်ကင်းမဲ့နေသော အပေါ်ပိုင်းကို သူ့ခန္ဓာတစ်ခြမ်းအား လာစင်၏ ။

“ရှင်ဘယ်လိုလူလဲ။ သူများသေမှာကိုလည်း လာပြီး

ကဖျက်ကဖျက်လုပ်တယ်။ ဩဝါဒ တွေလည်း လာခြွေနေတယ်။ ရှင်နဲ့ ဘာဆိုင်လို့ ဆရာကြီး ဝင်လုပ်နေရတာ လဲ”

ဟာ တော်တော်စွာပါလား။

ကျေးဇူးမတင်သည့်အပြင် စကားလုံးတွေနှင့်ပါ အန္တာခံရနေသဖြင့် မင်းခစိတ်ထဲ တင်းခနဲ တော့ ဖြစ်သွားမိသေးသည်။ သို့သော် လက်တလောမှာ သူမ စိတ်ရှုပ်နေလို့ပဲဟု တွေးကာ နား လည်ပေးလိုက်ပါတယ်။

“မင်းကို အနှောင့်အယှက်ပေးသလိုဖြစ်သွာရင် ငါ တောင်းပန်ပါတယ်။ ဒါပေမဲ့ ဘယ်ပြဿနာမှာမဆို ထွက်ပေါက်ဆိုတာ ရှိတယ်။ အဲဒီ ထွက်ပေါက်ကို မင်းတွေ့အောင်ရှာပါ။ ကိုယ့်ကိုယ်ကို သတ်သေတဲ့နည်းနဲ့တော့ ပြဿနာကို မဖြေရှင်းပါနဲ့”

ထိုသို့ ပြောပြီးတာနှင့် အကျေ့ကိုကောက်ယူပြီး မင်းခထွက်လာခဲ့ပါသည်။ ကျောအခိုင်းမှာ ဝိုင်းစက်သော သူမ မျက်ဝန်းတွေက သူ့အား ငေးကြည့်နေမလားဟုတော့ တွေးဖြစ်သေး၏ ။

အဲသည်နေ့ ညနေခင်းသည် အလွန်သာယာတာတော့ ကောင်းစွာ အမှတ်ရနေမိပါသည်။

♥ ♥ ♥

အိမ်ခန်းရှေ့ မင်းခပြန်ရောက်ချိန်တွင် ကောင်းကင်ယံမှာ ကြယ်ပူကြီးလည်း ပျောက်ဆုံး နေချေပြီ သူ၏ စွမ်းအင်ဖြင့် လင်းသောလခြမ်ကွေလေးကိုတော့ မှုန်မှုန်ရေးရေးမြင်တွေ့နေပါ၏ ။

အခန်းတံခါး ဖွင့်ဝင်လိုက်သောအခါ...

ခုတင်ပေါ်မှာ ပိုးလက်ပက်လက်အိပ်ပျော်နေသော ဇာနည်အောင်ကိုမြင်တော့ မင်းခ နှာ ခေါင်းရှုံ့မိသည်။ ဒီကောင် နေ့လည်ကတည်းက ပြန်နှပ်နေတာ အခုထိ ထသေးပုံမရ။ ဒါနှင့်များ တောင်ကူဖော်လောင်ဖက် ရအောင် လာနေပေးတာဟုဆိုသေးသည်။ (အမှန်က အလုပ်မရှိ အကိုင်မရှိနှင့် မိဘပူညံပူညံလုပ်တာကို မခံနိုင်၍ ဒီမှာလာနေတာဖြစ်သည်) မုဒိတာ မပွားနိုင်သဖြင့်...

“ဟိတ်ကောင် ဇာနည်အောင် ငပျင်းကောင် ဝက်သိုး ထ ထ ထတော့”

လှုပ်နှိုးလိုက်မှ တအင်းအင်း တအဲအဲနှင့် သကောင့်သား မျက်စိနှလုံးပွင့်လာသည်။

“ညစာ အတွက် မင်းဘာလုပ်ထားလဲ”

“ဘာမှ မလုပ်ရသေးဘူး။ ဝါး.. အိပ်ကောင်းလိုက်တာကွာ”

ငတိကား ဝက်မှိန်း မှိန်းနေပြန်သည်။ (ဇာနည်အောင်သည် ဝက်တစ်ကောင်လို ဝသူဖြစ် ၏ ။) ‘မင်းဟာလေး တော်တော်ပျင်းတာပဲ သူဖုန်းစားထက် ဆိုးတဲ့ကောင်”

“ဟမ် ဟာ”

ကကျိုးကကြောင်နှင့် ထထိုင်သည်။

“ငါက ဘာကိစ္စ သူတောင်းစားထက် ဆိုးရမှာလဲကွ၊ ပြောစမ်းပါဦး”

“မင်း အချိန်ပြည့်အိပ်နေလို့ ပြောတာလေ”

“အိပ်တာနဲ့ ဘာဆိုင်လို့လဲ”

သူထိတော့ နာသည်။

“ဆိုင်တာပေါ့ကွ၊ အိပ်တိုင်းကောင်းတယ် ထင်မနေနဲ့။ အိပ်တာမှာ

အတိုင်းအတာဆိုတာ ရှိ တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ဆိုရင် ညဉ့်မှာ တစ်ယံပဲ အိပ်ရတယ်။ ပညာရှိသုခမိန်ဆိုရင် ညဉ့်နှစ်ယံပဲ အိပ်ရတယ်။ အိမ်ယာထောင်တဲ့လူတွေဆိုရင် သုံးယံပဲ အိပ်ရတယ်။သူဖုန်းစားဆိုရင် တော့ လေးယံလုံး အိပ်လို့ရတယ်။ အခုမင်းက ညဘက်တင်မဟုတ်ဘဲ နေ့ဘက်မှာပါ အိပ်နေ တော့ သူတောင်းစားထက်တောင် ဆိုးနေတာပေါ့ကွ”

“ဟာကွာ မင်းပြောပုံကြီးကလည်း”

အနှုတ်မခံရပါဘဲ ဇာနည်အောင် နည်းနည်းတော့ ကျွတ်ကျဲသွားပုံရသည်။ သနားသောအား ဖြင့်...

“ကာလနဂါးနဲ့စာရင်တော့ မင်းက အများကြီးသာပါသေးတယ်”

“အဲဒီ ကောင်ကြီးကကော တော်တောအိပ်လို့လား”

ဝါသနာတူချင်းမို့ သိချင်သွားပုံရ၏ ။

“သိပ်အိပ်တာပေါ့ကွာ။ ပက်ပက်စက်စက် အိပ်တာ”

“ဒီကောင်ကြီး အိပ်ပုပ်ကြီးတာ ကြားဖူးတယ်။ ဒါနဲ့ ဘယ်လောက်များ အိပ်လို့လဲ”

“မြတ်စွာဘုရား သဗ္ဗညုဉာဏ်တော်ရပြီး နေရဥ္ဇရာမြစ်မှာ ဃနာနို့ဆွမ်း ဘုန်းပေးတယ်။ ပြီးတော့ ရွှေခွက်ကို မျှောတယ်။ အဲဒီ အခါမှာ ရှေးဘုရားရှင်တွေရဲ့ ရွှေက်ခွက်မြုပ်ရာအရပ်ကို ရောက်တော့ ရွှေခွက်က နစ်ပြီး ရှေးက ရွှေခွက်တွေနဲ့ ထိတော့ အသံမြည်တယ်။ အဲဒိအသံကို ကြားတော့မှ ကာလနဂါးက “ဩော် ဘုရားတစ်ဆူ ပွင့်ပြန်ပြီပဲ” ဆိုပြီး အိပ်ပျော်နေရာက နိုးတယ် တဲ့။ ဘုရားတစ်ဆူပွင့်မှ တစ်ခါပဲနိုးတဲ့ ငပျင်းကြီးပေါ့ကွာ”

“ဟာ တော်တော်အိပ်ပုပ်ကြီးတဲ့ကောင်ကြီးပဲ ဒီကောင်ကြီး ဒိုင်ယာဇီပင် (Diazepan) တွေများ ချသလား မသိဘူးနော်”

အတွေးအခေါ်က စူးလက်သည်။ ပြီးနောက် မျက်မှောင်ကြုတ်၍ ...

"ပြီးတော့ ကော ဒီကောင်ကြီးဘာလုပ်သလဲကွ"

"ဘာမလုပ်ဘူး ပြန်အိပ်တယ်လေ"

"ဟေ ဟုတ်လား"

ဇာနည်အောင် ခေါင်းတည်တ်ညိတ်ညိတ်ဖြစ်သွားသည်။ သဘောကျသွားပုံပါပဲ။ တစ်ခုခုကို ပြတ် သွားစွာ ဆုံးဖြတ်လိုက်ဟန်ဖြင့်..

"ဘုရားပွင့်တာနဲ့ကြုံတဲ့ ဒီကောင်ကြီးတောင် ဘုရားကို သွားမဖူးဘဲ ပြန်အိပ်သေးတာ ငါလည်း ထပ်အိပ်ဦးမယ်ကွာ"

"ဟာ ဒီကောင်"

ဇာနည်အောင်က အိပ်ရာပေါ် အိခနဲ လဲချလိုက်ပြန်ပါသည်။ မင်းခ စိတ်ထဲမှ ကာလနဂါး ကြီးကိုသာ မေတ္တာပို့သလိုက်မိတော့၏ ။

ဒင်းကြောင့် ဒီနေ့ ညစာတော်တော့မယ်ထင်ပါရဲ့။

♥ ♥ ♥

နေ့သစ်၏ အလင်းရောင်မှာ ရှင်းသန့်တောက်ပလို့ နေပါသည်။

စာရေးစားပွဲမှာမြကာ မင်းခအပျော်ဖတ် အချစ်လုံးချင်းဝတ္ထုတစ်ပုဒ်ရေးနေ၏ ။ အပျော်ဖတ် ဝတ္ထုတစ်ပုဒ်ကို အဖျော်ဖတ်ထက် လေးနက်စေလိုသော ဆန္ဒနှင့် စိတ်ကူးတွေကို အမွန်တမြတ် စိုက်ပျိုးနေမိပါသည်။

ထိုစဉ်အခိုက်မှာပဲ ဖုန်းသံက မြည်လာသည်။ ဇာနည်အောင်က သူကြောင်နေသော ကောင် မလေးဆီသွားဦးမယ်ဟု ပြောကာ ထွက်သွားသဖြင့်

မင်းခ ထကိုင်လိုက်ရ၏ ။

“ဟယ်လို”

‘ကိုမင်းခနဲ့ ပြောချင်လို့ပါ”

“ကျွန်တော် မင်းခပါခင်ဗျာ။ ဘာကိစ္စရှိလို့လဲ မသိဘူး”

“ကျွန်မ ဇူးဇူးပါ”

အသိမိန်းကလေးတွေထဲမှာ ဇူးဇူးဆိုတာ မရှိသဖြင့် မင်းခဘာပြန်ပြောရမှန်းမသိဘဲ ဖြစ် သွားသည်။

“မနေ့က ရှင်ရေထဲ ဆင်းဆယ်ခဲ့တဲ့ တစ်ယောက်လေ”

ဒီတော့မှ ရွှေအိုရောင်ဆံပင်ကောက်ကောက်တွေနှင့် ကောင်မလေးကို အမှတ်ရမိလိုက်၏ ။ ဒင်းကလေးနဲ့ ငါ ရေစက်မကုန်သေးဘူး ထင်ပါရဲ့....

“မနေ့က ကန်စပ်မှာ ရှင့်ပိုက်ဆံအိတ် ကျကျန်ခဲ့တာ အဲဒါ ပြန်ပေးမလို့”

“ဩော်...”

မင်းခ တော်တော်စိတ်ချမ်းသာသွားမိလေသည်။

မနေ့က ပိုက်ဆံအိပ် ကျကျန်ခဲ့တာကိုလည်း ညစာထွက်စားရန်ပြင်မှ သိသည်။ ပိုက်ဆံက သိပ်မများပေမယ့် မှတ်ပုံတင်နှင့် အရေးကြီးသော စာရွက်စာတမ်း တစ်ချို့လေ ပါသွားသဖြင့် နှာမြောနေမိ၏ ။

“ဘယ်ကို လာပေးရမလဲဟင်”

သူမနှင့် ပိုက်ဆံအိပ်ထဲတွင် မိမိ၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ် ရန်ဖုန်းနံပါတ်များနှင့်သွေးအမျိုအစားကိုပါ ရေး၍ ထည့်ထားလေ့ရှိသည်။ မတော်တဆမှုတွေ များပြားသောလောကမှာ ဘာမဆို အချိန်နေရာမရွေး ဖြစ်ပျက်လာနိုင်လေသည်။

အခုတော့ ထိုအကျင့်ကလေးဏ၏ ကျေးဇူးကြောင့် လတ်တလောမှာ ပိုက်ဆံအိတ် ပြန်ရပေ တော့မည်။

ကောင်းကင်ယံမှာ တိမ်ညိုတွေ အုံ့ဆိုင်းနေရာ ရာသီဥတုက ရေထိုင်ရတာ တစ်မျိုးတစ်ဖုံ အရသာရှိနေပါသည်။ ကော်ဖီဆိုင်မှာ စောင့်မျှော်နေလိုက်ရာ ခဏအကြာ အတိုင်းအထက်အလွန် ပြင်ဆင်ခြယ်သမှုများနှင့် ရွှေဝါရောင် ဆံတောက်မလေး ရောက်လာ၏ ။

တွေ့တွေ့ချင်းပဲ သူ့စကားက ဖဲ့သလိုတော့ ဖြစ်သွားသည်။

“မင်းကို ကြည့်ရတာ ပန်းချီကားထဲက ခုန်ဆင်းလာတဲ့ အတိုင်းပဲ”

“ဘာလဲ သိပ်လှနေလို့လား”

“ဆေးရောင်တွေ သိပ်များလွန်းနေလို့”

မျက်နှာပြင်ထက်မှာ ဆေးရောင်စုံ ရောစပ်လိမ်းခြယ်ထားသော သူမထံမှ သူမနှစ်သက် သော ရေမွှေးနံ့ ခပ်စူးစူးကိုပါ ရှူရှိုက်မိလိုက်သဖြင့် အနည်းငယ်တော့ စိတ်ကသိကအောက်ဖြစ်ရ လေသည်။

အမှိုက်ကားတစ်စီး အနီးမှာရှိနေတာနှင့် အလွန်အကျွံ ဆွတ်ဖျန်းထားသောကြောင့် ရေမွှေးနံ့ တထောင်းထောင်းထနေသူတစ်ဦး အနီးမှာ ရှိနေတာ သိပ်မကွာဘူးဟု သူကတော့ ထင် သည်။

“ရော့ အသက်သခင်ကျေးဇူးရှင်ကြီး ရှင့်ပိုက်ဆံအိတ်”

သူမ ကမ်းပေးသဖြင့် ပိုက်ဆံအိတ်ကို မင်းခယူလိုက်သည်။

“ဘာတွေများ ပျောက်သွားသလဲ စစ်ကြည့်လိုက်ပါဦး”

အားနာမှုဆိုတာ နေရာတကာမှာ မကောင်းသဖြင့် ပိုက်ဆံအိတ်ကို ဖွင့်ပြီး စစ်ဆေးကြည့် လိုက်ပါ၏ ။ ထိုအခါ နဂိုအတိုင်းပင် ပစ္စည်းပစ္စယတွေကိုစုံစုံလင်လင်ပဲ တွေ့ရှိပါ၏ ။

“မင်း ဘာသောက်မလဲ တစ်ခုခုသောက်လေ”

သူမက ကော်ဖီတစ်ခွက် မှာသောက်သည်။ ပြီးနောက် ရွှေအိုရောင်ဆံနွယ် လိမ်ကောက် ကောက်တွေကို အနီရောင်လက်သည်းချွန်ရှည်မျောမျောတွေ တပ်ဆင်ထားသော လက်ချောင်း သွယ်သွယ်လေးတွေနှင့် ပွတ်သပ်ရင်း ဆိုင်အတွင်းမှာ ကျီးကန်းတောင်မှောက် မျက်စိကစားနေပြန် သည်။

“ဘယ်လိုလဲ မင်းကိုယ့်ကိုယ်ကို သတ်သေချင်စိတ် ပျောက်သွားပြီလား”

စကားစလိုက်တော့မှ သူမကြည့်က မင်းခထံ ပြန်ဝဲလာသည်။

“ဒီလိုပါပဲ”

“ဘယ်လို ဒီလိုပါပဲလဲ”

“သြော် ကိုယ့်စိတ်ကို ဖြေနေရတာ ပေါ့လေ”

လှပနုနယ်သော မျက်နှာကလေးမှာ နွမ်းလျသိမ်ငယ်ရိပ်တွေ စွန်းထင်းနေသဖြင့် မင်းခရင် မှာ သနားစိတ်ကလေးပင် ဝင်လာသည်။ သူမမှာ ဘယ်လိုဘဝအမောတွေများ ရှိနေပါလိမ့်...

“ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုတော့ သတ်မသေပါနဲ့ကွာ၊ လူ့ဘဝဆိုတာ အင်မတန် ရခဲပါ တယ်။ မင်းကို ငါ ဆရာကြီးလုပ်တာ မဟုတ်ပါဘူး။ လူသားချင်း စာနာစိတ်နဲ့ သတိပေးတာပါ”

ဒီတစ်ခါတော့ ပြန်လည်နှုတ်လှန်မထိုးဘဲ ငြိမ်သက်စွာ နားထောင်နေတာ တွေ့ရ၏ ။

“လူတွေဟာ ဘဝမှာ ရုန်ကန်ရင်း အခက်အခဲ အကြပ်အတည်းတွေတွေ့တဲ့အခါ ပျင်းရိ ငြီးငွေ့တဲ့အခါ စိတ်ထွက်ပေါက်ရှာချင်ကြတယ်။ ဒါပေမဲ့ ကိုယ်ရွေးချယ်လိုက်တဲ့ စိတ်ထွက်ပေါက်

ဟာ မမှားဖို့ အရမ်းအရေးကြီးတယ်။ တချို့ဆို ဦးနှောက်ဆေးတဲ့အနေနဲ့ ဖျော်ဖြေရေးတွေ လုပ်ကြ တယ်လေ။ ဒါကြောင့်လည်း အရက်တို့၊ ဆေးလိပ်တို့၊ ဘိန်းတို့ မူးယစ်ဆေးဝါးတွေဟာ ကမ္ဘာမှာ ဒီ ကနေ့အထိ တည်မြဲနေတာပေါ့”

“အင်းနော် ဒါပေမဲ့ လူတွေရဲ့ဖျော်ဖြေမှုတွေထဲမှာ လူတွေကိုယ်တိုင် အသုံးချခံပြန်ဖြစ်နေ တာကတော့ တော်တော်ကြောက်ဖို့ ကောင်းတာပဲ”

သူမက ကော်ဖီခွက်ကလေးကို လက်မှကိုင်ရင်း တွေဝေစွာဖြင့် ခပ်ညည်းညည်းကလေး ပြော၏ ။ ပြီး မင်းခကို မျက်လွှာပင့်၍ ကြည့်ကာ

“ရှင်ပြောတဲ့ စိတ်ထွက်ပေါက်ဆိုတဲ့စကားကို ဇူးသဘောကျတယ်။ ဇူးလည်း တင်းကျပ်နေ တဲ့ ဇူးရဲ့စိတ်တွေကို ထွက်ပေါက်ပေးချင်တယ်”

“ဘယ်လိုပုံစံမျိုးနဲ့လဲ”

သူမက မေးခွန်းကို မဖြေသေးဘဲ ပိုက်ဆံအိတ်အားလက်ညှိုးညွှန်၍ ...

“ရှင့်မှတ်ပုံတင်ထဲမှာ တွေ့တယ်။ အလုပ်အကိုင်ဆိုတဲ့ နေရာမှာ စာရေးခြင်းလို့ ရေးထား တော့ ရှင်က စာရေးဆရာထင်တယ် ဟုတ်လား”

မင်းခ ခေါင်းညိတ်လိုက်သည်။ ထိုအခါ ကြယ်စင်သဖွယ် သူမ မျက်လုံးဝိုင်းဝိုင်းလေးတွေ တောက်ပသွားကာ...

“ဇူး အသိထဲမှာ စာရေးဆရာမရှိသေးဘူး အသစ်အဆန်းဖြစ်သွားအောင် ဇူး ရှင်နဲ့ အပေါင်း အသင်းလုပ်ချင်တယ်”

“မင်းရဲ့ စိတ်ထွက်ပေါက် ဖျော်ဖြေရေးက အဲဒါလား”

“အင်းလေ ဘာလဲ မရဘူးလား”

မျက်လုံးဝိုင်းဝိုင်းလေးတွေဖြင့် ဝင်ကြည့်နေလေသည်။ စိတ်ညစ်နေသူလေး၏ လိုအင်ကို စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးချင်စိတ်က မင်းခရင်မှာ ရုတ်တရက်ဖြစ်တည်လာ၏ ။

သံလိုက်စက်ကွင်းသဖွယ် ညှို့ဆောတ်မိနေသလို အသိစိတ်ကလည်း ရုန်းမထွက်ချင်ဘဲ ဖြစ်နေ၏ ။ ဒါကြောင့်မို့...

“ရပါတယ်ကွာ ငါ့အတွက် ဘာအပန်းကြီးတာမှတ်လို့”

(အဲဒီ စကားကို အလွယ်တကူ ပြောထွက်လိုက်မိတာကိုက ငါ့ရဲ့ အပြစ်လား) “ရှင် တကယ်ပြောတာနော်”

“တကယ်ပေါ့ကွာ”

(ငါဟာသိပ်ကို ရူးနှမ်းဖူးပါရဲ့)

“ဒါဆို အခုချိန်ကစပြီး ရှင်နဲ့ အပေါင်းအသင်းဖြစ်သွားပြီပေါ့နော်”

“ဒါပေါ့”

“ဟာ ဟျော်စရာကြီး”

အဲသည်အချိန်တုန်းက

သူမ မျက်နှာလေး ပြုံးရွှင်သွားပုံကိုကြည့်၍ မင်းခရင်မှာ ကြည်နူးချမ်းမြေ့သည်။ အနန္တစကြ ဝဠာရှိ အက်တမ်များနှင့် မော်လီကျူးများ အချင်းချင်း ဆွဲငင်ကြသည်ဆိုသော ဓာတ်သဘောကို လည်း ခံစားမိသလို ရှိလာ၏ ။

သူမက ပြုံးရွှင်နေရာမှ ရုတ်တရက် မျက်မှောင်ကြုတ်၍ ..

“ဒါနဲ့ မေးရဦးမယ် ရှင့်မှာ မိန်းမရှိလား”

“ဘာဖြစ်လို့လဲကွ”

“သြော် ရှိနေရင် မကောင်းဘူးလေ။ ပေါင်းရသင်းရတာ ဘယ်လွတ်လပ်မလဲ”

သူမ အပြောကြောင့် မင်းခ သဘောကျရယ်လိုက်မိပါသည်။

“မရှိပါဘူးကွာ ငါ က တစ်ယောက်တည်းသမားပါ”

“တစ်ယောက်တည်းသမားဆိုတော့ မိဘတွေကကော”

“နယ်မှာ”

“ဒါဆို ရှင်က ဒီမှာ တစ်ယောက်တည်းနေတာပေါ့ ဟုတ်လား”

မင်းခ ခေါင်းညိတ်ပြလိုက်၏ ။ ပြီးမှ..

“အခုလောလောဆယ်တော့ နယ်က သူငယ်ချင်းတစ်ယောက်နဲ့ ငါနဲ့ အတူလာနေတယ်”

“ယောက်ျားလေးလား၊ မိန်းကလေးလား”

“ယောက်ျားလေးပေါ့ကွ၊ မိန်းကလေးသူငယ်ချင်းနဲ့ တစ်အိမ်ထဲမှာ အတူနေလို့ သင့်လျော် မလား”

“အင်းနော် ဟုတ်သားပဲ”

သူမက မျက်လုံးဝိုင်းဝိုင်းလေးတွေကို ပြူးလျက် ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်...

“ယောက်ျားလေးတွေပဲ နေတာဆိုတော့ စာရေးသောက်ရေး ဘယ်အဆင်ပေမလဲနော်”

“ကသိကအောက်နိုင်တာပေါ့ကွာ”

“ဘာပဲဖြစ်ဖြစ်လေ မနက်ဖြန်ကျရင် အပေါင်းအသင်းဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ရှင့်အိမ်မှာ ဧုးတို့ နေ့လယ်စာ အတူစားကြမယ်လေ၊ ဘယ်လိုလဲ”

“အင်း ..ကောင်းသားပဲ”

တစ်နပ်ကောင်းကောင်းစားရ နည်းလားဆိုပြီး မင်းခ

ကျေကျေနပ်နပ်ကြီး လက်ခံလိုက်မိ သည်။ ပြီးမှ သူမပုံစံကိုကြည့်၍ သက်ာ်မကင်းဖြစ်မိသဖြင့်...

"မင်းက ထမင်းဟင်းကော ချက်တတ်လို့လား"

"အို ..ချက်တော့ ဘယ်ချက်တတ်မလဲ"

"ဟင် ဒါနဲ့ပဲ မနက်ဖြန်ကျရင် နေ့လယ်စာ အတူစားမယ်ဆို မင်းချက်ကျွေးမှာ မဟုတ်ဘူး လား"

"ဘယ်ကလာ မဟုတ်ပါဘူး။ ဧူးက ရှင်တို့ချက်တာ လာစားမှာကိုပြောတာလေ"

"သြော် သြော်"

သံဝေဂတွေလည်း ရမိပါသည်။ သူမက ခေါင်းစုတ်ဖွားကို တဆတ်ဆတ်ခါပြီး

"စိတ်ထွက်ပေါက်တစ်ခုအနေနဲ့ပေါ့ရှင် ဘယ်လိုလဲ ဧူးရဲ့ ရွေးချယ်မှုက ကောင်းတယ် မလား"

မသက်မသာဖြင့် မင်းခ ခေါင်းညိတ်ပြလိုက်ရသည်။ စိတ်ထဲမှာတော့ ဒင်းကလေးကို နားပန်းပိတ်ကျင်းပစ်လိုက်ချင်နေသည်။

တော်တော်လူလည်ကျတဲ့ ကောင်မလေး..

ငါ့လက်နက်နဲ့ ငါ့ပြန်ပစ်တယ်....။

♥ ♥ ♥